**ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး**

**၁၅ ရက်မြောက်နေ့ အစီအစဉ်**

**[ ၁၉–၆–၂၀၁၄ ] (ကြာသပတေးနေ့)**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ က ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များ က မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဝင်းစိန်၊ ကဝ မဲဆန္ဒနယ်၏ **ကဝမြို့နယ်ရှိ သက္ကလကျေးရွာ ဈေးအား ဈေးရုံပြန်လည် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဝင်းမြင့်၊ ပုသိမ် မဲဆန္ဒနယ်၏ **တောင်သူလယ်သမားနေ့ကို မတ်လ (၂)ရက်နေ့အစား တောင်သူလယ်သမားများနှင့်သက်ဆိုင်သော နေ့တစ်နေ့သို့ ပြောင်းလဲပေးရန် အစီအစဉ် ရှိ၊မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **အမှုသည်များ နေပြည်တော်သို့ လာရောက်၍ တရားရင်ဆိုင်ရာ၌ စရိတ်စက ကြီးမားသည့် အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခွဲများ ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာခင်မောင်ဆွေ၊ ကျောက်တံခါး မဲဆန္ဒနယ်၏ **လယ်ယာမြေဥပဒေသစ် ပြဋ္ဌာန်းပြီးဖြစ်ပါ၍ လယ်သမားများ ငွေကြေးလိုအပ်ချက်ရှိပါက မြေပေါင်နှံရန် မည်သည့်ဘဏ်ကို သတ်မှတ်ထားသည်၊ အတိုးနှုန်း မည်မျှပေးရမည်၊ မည်သည့်အချိန်တွင် ပေါင်နှံနိုင်သည်** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးအောင်စိန်၊ မာန်အောင် မဲဆန္ဒနယ်၏ **မာန်အောင်မြို့နယ်၊ မျှော်တော်ဦးကျေးရွာမှ သစ်ပုံချောင်းဝအထိ အရှည် (၅)မိုင်ခန့်ကမ်းပါးမှာ ဒီရေတိုက်စားမှုနှင့် လေပြင်းတိုက်ခတ်မှုကြောင့် ပြိုကျပျက်စီးလျက်ရှိသဖြင့် အမြန်ဆုံး ပြုပြင်ထိန်းသိမ်းပေးရန် အစီအစဉ်ရှိမရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးသန်းမြင့်၊ ဆားလင်းကြီး မဲဆန္ဒနယ်၏ **ပခုက္ကူ–မုံရွာ မြို့နယ်ချင်းဆက်လမ်းမကြီးရှိ မြောက်ယမားချောင်း တံတားအား သံကူကွန်ကရစ်(၂)လမ်းသွားအဖြစ် ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးညီညီမြင့်၊ အုတ်တွင်း မဲဆန္ဒနယ်၏ **အုတ်ဖိုကျေးရွာအုပ်စု မင်းရဲရေတမံနှင့်စပ်လျဉ်း၍ ရေတမံ၊ မြောင်းမကြီးနှင့် မြောင်းလက်တံများအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"မြန်မာ့သတ္တုတွင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၆ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။